ဖရိုးနေယာင်ငြို့

# မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ

## မြန်မာနှစ်သစ်ကူး၊ သင်္ကြန်ပွဲတော် ဖိတ်ကြားလွှာ

*************************************************************

မြန်မာအမေရိကန်ဗုဒ္ဓဘာသာအသင်း **(MABA)** နှင့် အလှူရှင်များစုပေါင်း၍ မြန်မာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို အောက်ပါအစီအစဉ်အတိုင်း စည်ကားစွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**Invitation to Thingyan Pwe (Burmese New Year Festival) and Food Bazaar**

**1368 (2007)**

**You, your family and your friends are cordially invited to our Thingyan Pwe & food bazaar as follows:**

**Date:** Sunday, April 22, 2007
**Time:** 9:00 AM to 3:00 PM
**Location:** Newark Pavilion
6430 Thornton Avenue
Newark, CA 94560

**Schedule:**

| | |
|---|---|
| 09:00 AM | *Chanting of Pattana and Blessing Poems |
| 10:00 AM | *Taking Five Precepts |
| | *Offering Navakamma-requisite to the Sangha |
| | *Listening to Dhamma Talk and Sharing Merits |
| 11:00 AM | *Offering food to the Sangha |
| 11:00 AM | *Food stalls open |

သင်္ကြန်ပွဲနှင့်အတူ နိဗ္ဗာန်ဈေးပွဲပြုလုပ်ပြီး ၄င်းမှရရှိသော အလှူငွေများကို မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာသို့ အားလုံး လှူဒါန်းကြပါမည်။ နိဗ္ဗာန်ဈေးပွဲအတွက် သီးသန့်ကုသိုလ်ပါဝင်ရောင်းချသော အလှူရှင်များကိုသာလက်ခံပါမည်၊ ပြင်ပအစား အသောက် ရောင်းချသူများကို လုံးဝလက်ခံမည်မဟုတ်ပါ၊ အခြားသောပစ္စည်းရောင်းချသူများ ကြိုတင်ခွင့်ပြုချက် တောင်းခံရပါမည်။ စားပွဲတစ်လုံးအတွက် အလှူငွေ ဒေါ်လာ ၅၀ ထည့်ဝင်ရပါမည်။
သင်္ကြန်ပွဲတော်နှဲပျော်ရင်းနှင့်အတူ စားသောက်ဖွယ်များ ဝယ်ယူစားသောက်ခြင်းဖြင့် ကုသိုလ်တရားပွားများနိုင်ကြပါစေရန် ဖိတ်ခေါ် အပ်ပါသည်။


လေးစားခင်မင်စွာဖြင့်
မြန်မာအမေရိကန်ဗုဒ္ဓဘာသာအသင်း
မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၊ 4619 Central Ave. Fremont, CA 94536 Phone: 510 795 0405
www.mettananda.org

# <u>နိဗ္ဗာန်ဈေးပွဲ အလှူရှင်များနှင့် စားသောက်ဖွယ်ရာများ</u>

| | |
|---|---|
| ၁။ မိခင်ကြီးဒေါ်ဟယ်လင်လင်း၊ သမီး မာဂရက်လင်း၊ ဒေစီလင်းမိသားစု | မုန့်လက်ဆောင်း၊ ပသျှူးမုန့် |
| ၂။ Jason and Tracy | အကြော်စုံ |
| ၃။ Chu family | မုန့်လက်ကောက် |
| ၄။ မပိုတင် | ဆီချက်ခေါက်ဆွဲ |
| ၅။ မေတ္တာရောင်ခြည်ဝတ်အသင်း | ကြက်သားဆာတေး၊မန်ကျီးဖျော်ရည် |
| ၆။ ကွယ်လွန်သူ ဦးအီနောင်အားရည်စူး၍ ဒေါ်ရည်ချွန်းမိသားစု | ကြာဇံကြော်၊ ကြက်ကြော် |
| ၇။ ထင်အောင်လှိုင်၊ အေးမိသားစု | Thai Tea |
| ၈။ မိခင်ကြီးဒေါ်မြင့်မြင့်အေး၊ သမီး ခင်အေးမြင့်၊ ခင်အေးလွင်မိသားစု | ကော်ပြန့်ကြော်၊ ဖျော်ရည် |
| ၉။ ကွယ်လွန်သူ Iok Kuong Lam၊ Chon Ghee & Daw Kyi Chug တို့အားရည်စူး၍ သားသမီးမြေးများ | မြန်မာမုန့်မျိုးစုံ |
| ၁၀။ Dr. ခင်နွယ်စိုး နှင့် ကိုအောင်သူ မဝါဝါ မိသားစု | မုန့်ဟင်းခါး |
| ၁၁။ ဆရာလေး ဒေါ်ကြည်ချမ်း၊ ဒေါ်ခင်လှိုင်၊ အမွှေး၊ Mary၊ ဒေါ်နန်စီ Shia မိသားစု | မုန့်ညှင်းချဉ်၊ တို့ဟူးသုပ်၊ အချိုရည်၊ လဘက်ရည် |
| ၁၂။ ဒေါ်စိန်ရင်မိသားစု | မုန့်လုံးရေပေါ် |
| ၁၃။ Pui San Lan+ Lan Ying Phug | ဒန်ပေါက် |
| ၁၄။ မေတ္တာဝန်အဖွဲ့ | ဖာလူဒါ |
| ၁၅။ မရွှေကြည်။ ကိုချိုဦး မစုစုသိန်းမိသားစု | ဖရီးမောင့် ဘူးသီးကြော် |
| ၁၆။ ဦးတင်ထွန်း ဒေါ်ခင်ကြည်မိသားစု | ဆွမ်း၊ ဆွမ်းဟင်းစုံ |
| ၁၇။ ဦးခင်မောင်ကျော် ဒေါ်တင်ဌေးမိသားစု | ရှင်းသုတ်၊လဘက်သုတ်(သံဃာ) |
| ၁၈။ မောင်စိုးအောင် မလွင်မာမိသားစာ | သစ်သီးစုံ(သံဃာ) |

*<u>အထူးအလှူရှင်</u>*၊ ယခုနှစ်သင်္ကြန်ပွဲတော်အတွက် Leon Tint and Maureen Tint family ခမ်းမဆောင်ငှါးရမ်းခ လှူဒါန်းပါသည်၊ Burmese classic, Shwe Classic and Mae Sot group စုပေါင်း၍ ကျောင်းရံပုံငွေအတွက်၊ သောက်ရေသန့်၊ အချိုရည်နှင့် နှစ်သက်စရာ မြန်မာလက်ဆောင်ပစ္စည်းမျိုးစုံရောင်းချမည်။

# သတင်းစကားနှင့် ကျေးဇူးတင်လွှာ

မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၌ မြန်မာပြည်မှ ခေတ္တကြွရောက်လာကြသောဆရာတော်ကြီးများ၏ တရားစခန်းပွဲများ၊ တရားပွဲတော်များနှင့် ကျောင်းနေသီတင်းသုံးသံဃာတော်များ၏ တရားစခန်းနှင့်ယဥ်ကျေးမှုသင်တန်းများ၊တနင်္ဂနွေနေ့ အပတ်စဥ်အဘိဓမ္မာသင်တန်းများကို စဥ်ဆက်မပြတ်ကျင်းပလျက်ရှိပါသည်။

အခွင့်အခါရတိုင်း ဒုလ္လဘရဟန်းတော်များ၊သီလရှင်များ၊ယောဂီများအဖြစ် ဝိပဿနာတရားတော်များ လာရောက်ပွားများကြသူများလည်းရှိပါသည်။ ၄င်းတို့အတွက် ကျောင်းရှိဆရာတော်များမှ တရားရှုမှတ်ပွားများနည်းများ၊ ဗုဒ္ဓအဆုံးအမဆိုင်ရာ သိကောင်းစရာများကိုလည်း သွန်သင်ညွှန်ပြ၍ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်စေရေးနှင့် ငြိမ်းအေးချမ်းမြေ့သော ဘဝပိုင်ရှင်များဖြစ်စေရေးအတွက် အထူးအားပေးကူညီလျက်ရှိပါသည်။ထိုကြောင့် တရားစိတ်ဝင်စား၍ ဗုဒ္ဓအဆုံးအမဆိုင်ရာ အသိတရားပွားများလိုသူများအနေနှင့် မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာသို့ ကြွရောက်၍ ကုသိုလ်တရားဆည်းပူးပွားများနိုင်ကြပါကြောင်းကိုလည်း ကျွန်တော်များ မြန်မာအမေရိကန်ဗုဒ္ဓဘာသာ အသင်းမှ သတင်းကောင်းစကား ကြားသိစေအပ်ပါသည်။

မေတ္တာနန္ဒဝိဟာရ ဗုဒ္ဓစာကြည့်တိုက်၌ အင်္ဂလိပ်မြန်မာနှစ်ဘာသာတို့ဖြင့် စာအုပ်များလည်းစုဆောင်းထားရှိပါသည်။ ဘာသာရေး ယဥ်ကျေးမှုနှင့် အခြားစိတ်ဝင်စားသောစာပေတို့ကို လေ့လာဖတ်ရှုလိုပါက သက်ဆိုင်ရာတာဝန်ခံတို့ထံ ခွင့်ပန်၍ ငှါးရမ်းဖတ်ရှုနိုင်ပါသည်။

မြန်မာအမေရိကန်ဗုဒ္ဓဘာသာအသင်းတည်ရှိရာ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာကျောင်းတော်ကြီး အရှည်တည်တံ့၍တိုးတက်စည်ပင်ရန်အတွက် စေတနာထက်သန်စွာဖြင့် ကုသိုလ်ပါဝင်လှူဒါန်းခဲ့ကြ၊ လှူဒါန်းနေကြဆဲဖြစ်သော ကျောင်းမြေကွက် အလှူရှင်များ၊ လစဥ် (Mortgage) အလှူရှင်များ၊ တယ်လီဖုန်း၊ ရေ မီးအလှူရှင်များ၊ နေ့စဥ်ဆွမ်းဝတ်အလှူရှင်များ၊ ဝါဆိုပွဲများ ကထိန်အလှူပွဲတော်များ၌ စားသောက်ဖွယ်အမျိုးမျိုးတို့ဖြင့် ညှော်ခံကျွေးမွေးကြသောအလှူရှင်များနှင့် ဝေယျာဝစ္စလုပ်အားဒါန အလှူရှင်များအားလုံးကိုလည်း တစ်ဦးချင်းစီ၏ အမည်နာမကို ဤနေရာ၌ ထုတ်ဖော်မတင်ပြနိုင်ပါသော်ငြားလည်း အားလုံး အားလုံးသော အလှူရှင်များအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း နှင့် သာဓုအနုမောဒနာ ခေါ်ဆိုရပါကြောင်း အထူးမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

မြန်မာအမေရိကန်ဗုဒ္ဓဘာသာအသင်း
မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ
ဖရီးမောင့်မြို့
Phone: (510) 795 0405

သင်္ကြန်ပွဲကျင်းပမည့်နေရာဌာန

**Newark Pavilion**
**6430 Thornton Avenue**
**Newark, CA 94560**

**နှစ်ဟောင်းကျွန်ပျောက် နှစ်သစ်ရောက် ထွန်းတောက်မင်္ဂလာ ဖြစ်ပါစေ**

Mettananda
4619 Central Ave.
Fremont, CA 94536